# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာ

**အမှတ်၊ ၄ /၂၀၁၆**

**၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် နိုင်ငံတော်မှထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းငွေများကို **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ** မှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေး စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအလိုက်စနစ်တကျထိန်းသိမ်း၊ ထုတ်ပေးဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်အလိုက်လိုအပ်သည့် ရန်ပုံငွေများကို အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှ တစ်ဆင့် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လျာထားတင်ပြရန်၊

(ဂ) လျာထားမှုပြုပြီးသော ရန်ပုံငွေများကို ချက်ချင်းသုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ ရန်ပုံငွေလျာထားချက်မရှိဘဲအရေးပေါ်ဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေထပ်မံခွဲဝေလျာ ထားခြင်းနှင့် ကျခံသုံးစွဲခြင်းများအတွက်လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဆုံးဖြတ်ချက်ကို အလျင်အမြန်ရယူဆောင်ရွက်ရန်၊

(ဃ) ရန်ပုံငွေများသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်ကိုက်ညီစေရေးအတွက် ကြပ်မတ် ကွပ်ကဲသွားရန်နှင့် စာရင်းစစ်ချုပ်ရုံး၏အကြံပြုချက်နှင့်အညီ ငွေစာရင်းများကို စနစ်တကျ ရှိစေရေး ဆောင်ရွက်ရန်၊

(င) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏အတည်ပြုချက်ရရှိပြီး ဖြစ်သော အသုံးစရိတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့လည်းကောင်း၊ တိုင်း ဒေသကြီး/ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့လည်းကောင်း အလျင်အမြန်လွှဲပြောင်းထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ရန်ပုံငွေများရရှိမှု၊ သုံးစွဲမှုနှင့်လက်ကျန်စာရင်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီတင်ပြရန်၊

(ဆ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရာတွင် စနစ်တကျရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါကလိုအပ်သော ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး နှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက် အကျိုးရှိစေရန်အတွက် ပစ္စည်းဝယ်ယူရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်း တာဝန်ပေးဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအရ ဖွင့်လှစ်ထူထောင်ထားသော တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းများ ရေးဆွဲအသုံးပြု ထိန်းသိမ်း၊ သုံးစွဲဆောင်ရွက်နိုင်ရေး လိုအပ်သော အထောက်အကူများ ပံ့ပိုးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ဆောင်ရွက်ရန်၊

(ဈ) ပြည်ပနိုင်ငံများ၏ ဘေးဖြစ်ပွားမှုနှင့် ထိခိုက်ဆုံးရှုံးမှုအတိုင်းအတာအလိုက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေးပံ့ပိုးဆောင်ရွက်ရန်၊

(ည) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃)လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကိုဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ